**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**www.knuhq.org**

## ရာဇဝတ်မှုများနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းများအပေါ် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး၏ သဘောထား ထုတ်ပြန်ချက်

၂၀၂၃ ခုနှစ် မေလ (၅) ရက်နေ့

၁။ ကရင်အမျိုးသားအစည်းအရုံး (KNU) သည် မိမိဖွဲ့စည်းပုံအခြေခံဥပဒေ နှင့် နည်းဥပဒေတို့ကို အာမခံပြီး ကွန်ကရက်များက ချမှတ်ထားသည့် လမ်းညွှန်မှုများ၊ ရှေ့လုပ်ငန်းစဥ်များကို တာဝန်ခံ အကောင်အထည် ဖော်ကြရပါသည်။

၂။ KNU အဖွဲ့ဝင်များ၏ စည်းကမ်းချိုးဖောက်မှုများနှင့်ပတ်သက်၍လည်း ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများကို အခြေခံ၍သော်လည်းကောင်း၊ မိမိ၏ တရားရေး လုပ်ငန်းစဥ်များအရ သော်လည်း ကောင်း အရေးယူဆောင်ရွက်ရမည်ဖြစ်ပါသည်။

၃။ မောထိုတလေး ဒေသရှိ ဟွမ်ယာ (Hyunya) တရုတ်မြို့သစ်စီမံကိန်းနှင့်ပတ်သက်သည့် မောလောအိအလင်း ကုမ္ပဏီ သည် ၎င်းစီမံကိန်းမှ ၂၀၂၂ ခုနှစ် ဒီဇင်ဘာကတည်းက နုတ်ထွက်သွားပြီ ဖြစ်ပါသည်။ ထို့ကြောင့် ၎င်းစီမံကိန်းကိစ္စ နှင့် ပတ်သက်၍ မည်သည့်ကိစ္စမဆိုသည် မိမိတို့ KNU နှင့် မပတ်သက်ပါကြောင်း အသိပေး ပါသည်။

၄။ KK Park ဟု လူသိများပြီး တရုတ်ရာဇဝတ်ဂိုဏ်းများ ပါဝင်ပတ်သက်နေသော လောင်းကစားရုံသည် မိမိတို့ KNU နှင့် လုံးဝ (လုံးဝ) ပတ်သက်မှု မရှိပါကြောင်း အသိပေးပါသည်။

၅။ KNU ခေါင်းဆောင်များအား ရာဇဝတ်မှု များနှင့် ဆက်စပ်သည့် စီးပွားရေးလုပ်ငန်းဆိုင်ရာ လုပ်ငန်းများနှင့် ပတ်သက်သည့် ရေးသားပြောဆိုမှုများကို ဆန့်ကျင်ကန့်ကွက်ပါသည်။ သို့ရာတွင် အခြေအနေမှန် ကို သိရှိ ဖော်ပြနိုင်ရေးအတွက် စုံစမ်းစစ်ဆေးရန် KNU ဗဟိုအဆင့်က ဦးဆောင်ကာ လွတ်လပ်ပြီး ဘက်မလိုက်သည့် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်များပါဝင်သော စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းပြီး မိမိတို့ KNU မူဝါဒနှင့် စည်းမျဥ်း ဥပဒများအတိုင်း အကောင်အထည်ဖော်သွားမည်ဖြစ်ပါသည်။

၆။ စုံစမ်းစစ်ဆေးမှုများနှင့်ပတ်သက်သည့် မေးမြန်းမှုများအား လိုအပ်သလို ထုတ်ဖော်ပြောကြားသွားမည် ဖြစ်ပြီး ဥပဒေချိုးဖောက်မှုများရှိသည်ဟု ဖော်ထုတ်တွေ့ရှိရပါက လိုအပ်သလို အရေးယူမှုများ လုပ်ကိုင်သွားမည် ဖြစ်ကြောင်း ထုတ်ပြန်အပ်ပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

KNU - ကရင်အမျိုးသားအစည်းအရုံး

**ဆက်သွယ်ရန်**

- **ပဒိုစောကလယ်စေး ( +၆၆ ၆၄၉၀၃၀၃၄၀)**